မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၃ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက် ( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၆/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက် )

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်နိုင် ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း**

| | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးစိုးမြင့်ပါ (၂) ဦး |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/မလန (နိုင်) ၀၀၂၀၃၅ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၉) ရပ်ကွက်၊ မင်းလှမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၁၄၄၂ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) တီ-၉၉၆၀၀၇ မှ ယူ-၀၂၀၀၂၀ ထိ<br>(၂) ယူ-၀၂၀၀၂၀ မှ ဇက်-၀၄၀၉၈၀ ထိ<br>(၃) ဇက်-၀၄၀၉၈၀ မှ ဇက်-၀၃၀၉၈၀ ထိ<br>(၄) ဇက်-၀၃၀၉၈၀ မှ ဇက်-၀၂၀၉၉၀ ထိ<br>(၅) ဇက်-၀၂၀၉၉၀ မှ တီ-၉၉၆၀၀၇ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၉၊ ၁၀၊ ၁၃)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။　ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။　လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အပဟန့်အတားပြုလုပ်ထားရမည်။

၃။　လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။　မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။　ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။　ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။　နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။　တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။　ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။　ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက်ပေးဆောင်ရမည်။

၁၁။　လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။　လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က)　ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

( ခ )　မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

( ဂ )　လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ)　ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်းတို့ကို (လုံး၀) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆနည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇောအပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊

ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေ သတ်မှတ်ချက်တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးကျော်မိုးလွင်ပါ (၃) ဦး |
| (ခ) | မှတ်ပုံတင်အမှတ် | - ၉/မရတ (နိုင်) ၀၅၃၄၉၈ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၂၀၉/၂၁၀)၊ ကန်သာ (ဒီ) ရပ်ကွက်၊ (၁၈) လမ်း၊ မကွေးမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၄၅၁ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) တီ-၉၄၅၁၄၅ မှ တီ-၉၅၁၁၄၇ ထိ<br>(၂) တီ-၉၅၁၁၄၇ မှ တီ-၉၈၈၀၉၇ ထိ<br>(၃) တီ-၉၈၈၀၉၇ မှ တီ-၉၄၅၁၄၅ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၉)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့် လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက် ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ် မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်း တို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ် မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သား များအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ခွင့်ပြုချက်ဖြင့် တစ်ဖက်ဇယားပါ အပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးနန္ဒမောင်မောင် |
| (ခ) | မှတ်ပုံတင်အမှတ် | - ၅/အတန (နိုင်) ၀၄၆၈၉၈ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၇၁၂)၊ (၂၁) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၁၃၅ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) တီ-၉၈၀၀၁၈ မှ ယူ-၀၁၈၀၃၈ ထိ<br>(၂) ယူ-၀၁၈၀၃၈ မှ ယူ-၀၁၈၀၃၆ ထိ<br>(၃) ယူ-၀၁၈၀၃၆ မှ တီ-၉၈၀၀၁၆ ထိ<br>(၄) တီ-၉၈၀၀၁၆ မှ တီ-၉၈၀၀၁၈ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၉၊ ၁၃)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။　လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။　မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။　ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။　ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။　နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။　တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့် လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။　ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။　ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက် ပေးဆောင်ရမည်။

၁၁။　လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။　လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က)　ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

( ခ )　မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

( ဂ )　လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ)　ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

( င )　ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်း တို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆနည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇောအပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ခွင့်ပြုချက်ဖြင့် တစ်ဖက်ဇယားပါ အပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေ သတ်မှတ်ချက်တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးစိုးမောင်မောင်ပါ (၂) ဦး |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/မလန (နိုင်) ၀၅၃၀၅၆ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၄) ရပ်ကွက်၊ မင်းလှမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၂၀၀ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ဇက်-၁၀၉၉၈၃ မှ ဇက်-၁၂၃၉၇၁ ထိ<br>(၂) ဇက်-၁၂၃၉၇၁ မှ ဇက်-၁၁၈၉၆၈ ထိ<br>(၃) ဇက်-၁၁၈၉၆၈ မှ ဇက်-၀၉၈၉၇၂ ထိ<br>(၄) ဇက်-၀၉၈၉၇၂ မှ ဇက်-၁၀၉၉၈၃ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၁၄)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့် နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင် ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက် ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်းတို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သား များအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက် )

### ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်)

### ဦးစီးအရာရှိရာထူးခန့်ထားခြင်း

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂) ဦးတို့အား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဒေါ်ကော်ရတီ | ၁၃/ဖခန (နိုင်) ၀၄၈၈၄၄ | ဘောလခဲမြို့နယ် |
| (၂) | ဒေါ်ထက်ထက်အောင် | ၉/ခမစ (နိုင်) ၀၃၆၇၅၆ | ဖားဆောင်းမြို့နယ် |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၃၃၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၁/ရှမ်းစု)၊ ဦးပိုင်အမှတ် (၃၂/ဆ) ရှိ **သဘာဝမဓမ္မကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ (၀. ၃၀၅) ဧက အနက်မှ **(၀. ၀၂၃) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာဦးမြသန်း [၁၀/မလမ (နိုင်) ၀၆၇၇၅၀]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၃၅/၂၀၁၇)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ အကွက်အမှတ်/အမည် (၁-K/ခမေစု အရှေ့ရပ်)၊ ဦးပိုင်အမှတ် (၁၀ᵏ/၃၊ ၁၁ᵏʰ၊ ၁၁ᵍ၊ ၁၁ᵍʰ၊ ၁၁ⁿᵍ၊ ၁၂) တို့ရှိ **ဝင်းနိမ္မိတာရုံကျောင်းတိုက်၊** အခွန်လွတ်သာသနာမြေဧရိယာ (၃. ၅၉၆) ဧကအနက်မှ ဦးပိုင်အမှတ် (၁၁ᵍ၊၁၁ᵍʰ) တို့၏ တစ်စိတ်တစ်ဒေသဖြစ်သော မြေဧရိယာ **(၀. ၃၄၄) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်ငွေငွေဝင်း [၇/ပခန (နိုင်) ၁၁၃၀၈၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၃၆/၂၀၁၇)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ ရွာသစ်ရပ်ကွက်၊ အကွက်အမှတ်/ အမည်- ၁၂/ မကြီးလေးပင်၊ ဦးပိုင်အမှတ် (၂၁၈)၊ **“တောင်ပေါ်ဘုရားနှင့် တောင်ပေါ်ကျောင်း” အခွန်လွတ်သာသနာ့မြေ**ဧရိယာ (၂. ၇၈၇) ဧကအနက်မှ (၀. ၀၂၁) ဧကကို **ဗဒ္ဓသိမ်မြေ**အဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးထွန်းထွန်းအောင် [၈/မဘန (နိုင်) ၀၀၉၆၁၂]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၃၈/၂၀၁၇)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၁၂-က/ရန်မျိုးအောင်ရပ်)၊ ဦးပိုင်အမှတ် (၁၁/ပ၊ ၁၁/ဏ၊ ၁၂/ခ၊ ၁၂/င၊ ၁၂/စ၊ ၁၂/ဆ၊ ၁၃/က) တို့ရှိ **ကတိုးဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ (၁. ၅၆၅) ဧကနှင့် မူလ သာသနာမြေဧရိယာ (၀. ၁၆) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁. ၇၂၅) ဧက**အနက်မှ ဦးပိုင်အမှတ် (၁၂/ခ) ၏ တစ်စိတ်တစ်ဒေသဧရိယာ **(၀. ၀၈၂) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးအေးမောင် [၁၀/ရမန (နိုင်) ၀၀၆၉၂၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်မျိုး အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)

အမှတ် ၄၀ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆) နည်းဥပဒေ (၂၃)၊ (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော မကွေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**မကွေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးဝေဇင်ထွန်း — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးလှသန်း — အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ဂ) ဦးကျော်သိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
မကွေးတိုင်းဒေသကြီး

(ဃ) ဦးစိုးမြင့်လွင် — အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့စာတိုက်လုပ်ငန်း
မကွေးတိုင်းဒေသကြီး

(င) ဒေါ်သီသီမာ — အဖွဲ့ဝင်
တိုင်းဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေရုံး
မကွေးတိုင်းဒေသကြီး

(စ) ဦးညွန့်နိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီး

(ဆ) ဦးဟန်လတ်ဘိုဘို — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မကွေးတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဇ) ဦးသိုက်ထွဏ်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဂီတအစည်းအရုံး
မကွေးတိုင်းဒေသကြီး

(စ၂) ဦးလှကျော်ဦး　　အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ/စီမံ)
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန
မကွေးမြို့

ဒေါက်တာဇော်မြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မြန်အောင်မြို့နယ်သာသနာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်လွင်အား လုပ်ငန်းလိုအပ်ချက်အရ လှည်းကူးမြို့နယ်သာသနာရေးမှူးရုံးသို့ အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံသည့် နေ့ရက်မှစ၍ လစာနှုန်းတူ/အဆင့်တူဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃(၁၁၆၆)/ထောက် ၂ ပါ ညှိနှိုင်းချက်အရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းရှိ နယ်စပ်မြို့ဖြစ်သော လွယ်ဂျယ်မြို့အား ရပ်ကွက် (၇) ရပ်ကွက်ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်၍ နေထိုင်မှုအလိုက် မှတ်သားမှုလွယ်ကူစေရန်နှင့် မြေခွန်စည်းကြပ်မှုလုပ်ငန်းများ မှန်ကန်စေရန် မြို့၏ကွက်စိပ်/ကွက်ကျဲမြေတိုင်းတာခြင်း

လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ် အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မိုးမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ** (Boundary Officer) အဖြစ် လည်းကောင်း၊ မိုးမောက်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ** (Demarcation Officer) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

အမှတ် ၁၄ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း ပြည်ပခရီးသွားရောက်နေသည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကာလအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို အား မိမိ၏ တာဝန်ဝတ္တရားများအပြင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကိုပါ ယာယီပူးတွဲ တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၅ ။ ။ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း ပြည်ပမှ ပြန်လည်ရောက်ရှိသည့်အခါ မိမိ၏တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၆ ။ ။ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ပြန်လည်လွှဲပြောင်းပေးပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို အား မိမိမူလတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၆) ၏ အတည်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ် (သန်လျင်)မှ ကထိက လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဒေါ်ဖြူဖြူလင်း အား အမျိုးသားလွှတ်တော်ရုံးတွင် လစာနှုန်းတူ လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် ဌာနကူးပြောင်း တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ လွှဲပြောင်းပေးလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ ဝန်ကြီးရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၈၀,၀၀၀) ဦးအောင်ကျော်ထက် အား သမဝါယမ ဦးစီးဌာနသို့ လစာနှုန်းတူ ရာထူးတူဖြင့် တာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန် ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၁/ ၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် )

အမှတ် ၅၇ ။ ။ အောက်ဖော်ပြပါ မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည်-

| စဉ် | အမည်/ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး/ရုံး | ပြောင်းရွှေ့နေရာချထားသည့်ရာထူး/ရုံး |
|---|---|---|---|
| ၁။ | ဒေါ်မြမြဇင်<br>ဥ/၂၇၂၆ | မြို့နယ်ဥပဒေအရာရှိ<br>စစ်ကိုင်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၂။ | ဦးကျော်ဇင်ဝင်း<br>ဥ/၂၇၁၂ | မြို့နယ်ဥပဒေအရာရှိ<br>ရေဖြူမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>မိုးကုတ်မြို့နယ်ဥပဒေရုံး |

| စဉ် | အမည်/ကိုယ်ပိုင် အမှတ် | လက်ရှိရာထူး/ရုံး | ပြောင်းရွှေ့နေရာ ချထားသည့်ရာထူး/ရုံး |
|---|---|---|---|
| ၃။ | ဦးစည်သူငြိမ်းချမ်း ဥ/၂၈၈၅ | မြို့နယ်ဥပဒေအရာရှိ မိုးကုတ်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ စစ်ကိုင်းမြို့နယ်ဥပဒေရုံး |
| ၄။ | ဒေါ်လဲ့ရွှေစင် ဥ/၂၈၂၈ | ဦးစီးအရာရှိ ဘားအံခရိုင်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ ဘီးလင်းမြို့နယ်ဥပဒေရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၅၈ ။  ။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၃) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးချမ်းသာ (ဥ/၂၇၆၂) အား တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်ဥပဒေရုံး၊ ဒု-ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၂) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၅၉ ။  ။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ဥပဒေရုံး၊ ဒု-မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၄) ဒေါ်တင်နီလာမင်းမင်း (ဥ/၃၀၅၁) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၆၀ ။ ။ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဒု-ပြည်နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၁) ဒေါ်ဂျေခါးတောင် (ဥ/၁၈၅၅) အား မြစ်ကြီးနားခရိုင်ဥပဒေရုံးသို့ ခရိုင်ဥပဒေအရာရှိအဖြစ် ပြောင်းရွှေ့ နေရာချထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၆၁ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အရှေ့ပိုင်း) ခရိုင်ဥပဒေရုံး၊ ဒု-ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၂) ဒေါ်စပယ် (ဥ/၂၅၅၄) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အား တာဝန် ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဒု-ပြည်နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၆၂ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၇ ဖြင့် ကရင်ပြည်နယ်၊ ဘားအံခရိုင်ဥပဒေရုံး၊ ဦးစီးအရာရှိ (ဥပဒေအရာရှိအဆင့်-၃) ဒေါ်လဲ့ရွှေစင် (ဥ/၂၈၂၈) အား ဘီးလင်းမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိအဖြစ် ပြောင်းရွှေ့နေရာချထားခဲ့ခြင်းကို ၎င်း၏ကျန်းမာရေးအခြေအနေကြောင့် ယင်းအမိန့်ကြော်ငြာစာပါ ဒေါ်လဲ့ရွှေစင် (ဥ/၂၈၂၈) အား ပြောင်းရွှေ့ခြင်းကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဘားအံခရိုင်ဥပဒေရုံး၊ ဦးစီးအရာရှိ (ဥပဒေအရာရှိအဆင့်-၃) ဒေါ်လဲ့ရွှေစင် (ဥ/၂၈၂၈) အား ယင်း၏ မူလနေရာတွင် ပြန်လည်တာဝန်ချထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင် အား ခံစားခွင့်ပြုရန်လျှောက်ထားလာသည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၇ ရက်နေ့အထိ) ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇

နိုင်ငံတော်သမ္မတရုံး၊ စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး၊ အမိန့်နှင့်ကြေညာချက်များဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးမြ အား ခံစားခွင့်ပြုရန်လျှောက်ထားလာသည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၉ ရက်နေ့အထိ) ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး ကို အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့၊ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

အမှတ် ၁၆/၂၀၁၇ ။ ။ ကြည်း ၅၅၉၀၉ ဗိုလ်ကြီး ရဲညီညီစန်း အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အမှတ် ၁၁ ။ ။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) ကွပ်ကဲမှုအောက်ရှိ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မိုင်းလား) မှ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော်သို့လှောင်ရုံသို့ တွဲဖက်တာဝန်ချထားသော လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းအောင် (နစ-၁၂၇၈) သည် နိုင်ငံ့ဝန်ထမ်းနှင့်မလျော်ညီစွာ စက်သုံးဆီ (၂) ပီပါ တောင်းခံခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ ဦးစီးအရာရှိရာထူးအဆင့် လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) သို့ (၆) လ လျှော့ချလိုက်ပြီး၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဘားအံ) ကွပ်ကဲမှုအောက်ရှိ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဖာပွန်) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၂ ။ ။ ဖော်ပြပါအရာရှိအား ရာထူးလျှော့ချကာလအတွင်း ဦးစီးအရာရှိလစာကို ၂၇၀,၀၀၀/- (ကျပ်နှစ်သိန်းခုနစ်သောင်းတိတိ) ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

အမှတ် ၄ ။ ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆) ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လုပ်ငန်းဌာန (၄) မှ ညွှန်ကြားရေးမှူး၊ ဦးဇော်ဝင်းအောင်၏ လျှောက်ထားခြင်းကို သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားရန်ရှိသည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ (နံနက်ပိုင်း) မှ ၂၀၁၇ ခုနှစ်၊ မေလ ၃ ရက်နေ့ (မွန်းလွဲပိုင်း) အထိ လုပ်သက်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၅ ။ ။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ (ညနေပိုင်း) အထိ ခံစားခွင့်ပြုပြီး၊ ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ

ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်)

အမှတ် ၆ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) မှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူး (၃) ဦးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်-

| စဉ် | အမည် | တာဝန်ကျရာဌာန/ဒေသ |
|---|---|---|
| ၁။ | ဦးကျော်စွာဝင်း | စီမံရေးနှင့် အုပ်ချုပ်ရေး |
| ၂။ | ဦးသက်လွင်ထွန်း | ဝယ်ယူဖြန့်ဖြူးရေး |
| ၃။ | ဦးရမ်ဟေး | မင်းတပ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

အမှတ် ၇ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ အောက်ပါ ညွှန်ကြားရေးမှူး (၃) ဦးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | တာဝန်ကျရာဒေသ |
|---|---|---|
| ၁။ | ဦးအောင်ကျော်မြင့် | ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၂။ | ဦးကျော်ကျော် | တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၃။ | ဦးမြင့်စိုး | ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

အမှတ် ၇၂၆ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၁) (၂၇၁၉/၂၀၁၆) (လဆ) အရ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးကံထွန်း အား ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သဖြင့် ယင်းနေ့နံနက်ပိုင်းမှစတင်ပြီး ကနဦးလစာ (၃၈၀,၀၀၀/-) ထုတ်ယူခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

အမှတ် ၆၅ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀(က) (၅) (၇၂၈/၂၀၁၇) အရ လယ်ယာမြေ

စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-ဦးစီးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) (၁၇) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၁၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး အလုပ်ဝင်ရောက်ထမ်းဆောင်သည့်နေ့မှစ၍ ကနဦးလစာ ၂၁၅၀,၀၀၀/- ထုတ်ယူခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ဌာနခွဲ/ဒေသ |
|---|---|---|
| ၁။ | ဦးယုသိန်း | ဓနုဖြူမြို့နယ် |
| ၂။ | ဦးလှဌေး | ကြို့ပင်ကောက်မြို့နယ် |
| ၃။ | ဦးသန်းတင့် | ပေါင်းတည်မြို့နယ် |
| ၄။ | ဦးထွန်းရွှေ | သာယာဝတီမြို့နယ် |
| ၅။ | ဦးမြင့်သူ | သင်တန်းကျောင်း |
| ၆။ | ဦးသက်ခိုင် | ဇီးကုန်းမြို့နယ် |
| ၇။ | ဦးစိုးသိန်း | ချောက်မြို့နယ် |
| ၈။ | ဦးဇော်လွင် | ဒိုက်ဦးမြို့နယ် |
| ၉။ | ဦးခင်မောင်စိုး | နွားထိုးကြီးမြို့နယ် |
| ၁၀။ | ဦးဝင်းမြင့်ထွန်း | တပ်ကုန်းမြို့နယ် |
| ၁၁။ | ဦးစိုးမိုးအောင် | ကန်ကြီးထောင့်မြို့နယ် |
| ၁၂။ | ဦးသောင်းထွန်း | ပန်းတနော်မြို့နယ် |
| ၁၃။ | ဦးဝင်းလှိုင် | မော်လမြိုင်ကျွန်းမြို့နယ် |
| ၁၄။ | ဦးထွန်းဝေ | ခင်ဦးမြို့နယ် |
| ၁၅။ | ဦးမျိုးသူရ | မြစ်သားမြို့နယ် |
| ၁၆။ | ဦးထွန်းဝေ | နောင်ချိုမြို့နယ် |
| ၁၇။ | ဦးသိန်းဇော် | သီပေါမြို့နယ် |

သက်နိုင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန။

## သမဝါယမဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

အမှတ် ၃ ။ ။ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပညာပေးရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ရီရီဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ကမရ (နိုင်) ၀၀၇၀၇၉] အား ၎င်းကွယ်လွန်သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ ရာထူးမှရုပ်စဲလိုက်သည်။

အမှတ် ၄ ။ ။ မြို့နယ်သမဝါယမဦးစီးဌာန၊ သင်္ဃန်းကျွန်းမြို့နယ် (ရန်ကုန်တိုင်းရုံး-တွဲဖက်) မှ ဦးစီးအရာရှိ ဦးတေဇာအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သဃက (နိုင်) ၁၆၂၃၉၀] အား ၎င်း၏ လျှောက်ထားချက်အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) အောင်ဖြူ
ညွှန်ကြားရေးမှူးချုပ်၊
သမဝါယမဦးစီးဌာန။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

အမှတ် ၄၄ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်တွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သော စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းခံရပြီး အပြီးသတ်အမိန့်ချမှတ်ပြီးဖြစ်သည့် သစ်တော ဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးညွန့်အောင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၁) လနှင့် (၁၈) ရက်ကို ပျမ်းမျှလစာဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

အမှတ် ၆၅ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ကောလင်းမြို့ သစ်တောရုံးဝင်းအတွင်း ရေ (၆) ပေခန့် ဖုံးလွှမ်းခဲ့၍ အနောက်သစ်တောဝင်း၊ လာကာဘိနယ်၊ လာကာကျေးရွာနှင့် ပင်လည်ဘူးမြို့နယ်များရှိ ပုံစံ (၈) သစ် (၆၈. ၅၃၇၂) တန်အား ပုံစံ (၈) စာရင်းမှ ပယ်ဖျက်ခွင့်ပြုရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ဦးစီးအရာရှိ ဦးမြင့်ဝင်းသူနှင့် နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးမြင့်ဆွေတို့သည် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ ရေကြီးရေလျှံမှုကြောင့် ဒေါ်စီသစ်တောပျိုးဥယျာဉ်စခန်းရှိ ပုံစံ (၈) သစ် (၄၆. ၈၈၂၄) တန် ရေမျောပျောက်ဆုံးမှုအတွက် တာဝန်ရှိသဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂ နည်းဥပဒေခွဲ (က) ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၎င်းတို့ (၂) ဦးအား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

အမှတ် ၆၆ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး ကောလင်းမြို့ သစ်တောရုံးဝင်းအတွင်း ရေ (၆) ပေခန့် ဖုံးလွှမ်းခဲ့၍ အနောက်သစ်တောဝင်း၊ လာကာဘိနယ်၊ လာကာကျေးရွာနှင့် ပင်လည်ဘူးမြို့နယ်များရှိ ပုံစံ (၈) သစ် (၆၈. ၅၃၇၂) တန်အား ပုံစံ (၈) စာရင်းမှ ပယ်ဖျက်ခွင့်ပြုရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ဦးစီးအရာရှိ ဦးချစ်လှိုင်နှင့် မြို့မဘိနယ်နှင့် အနောက်ခြမ်း ဘိနယ်များ တာဝန်ခံ တောအုပ်ကြီး ဦးမျိုးသူဝင်းတို့သည် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ ရေကြီးရေလျှံမှုကြောင့် ကောလင်းမြို့နယ် မြို့မဘိနယ်ရှိ အနောက်သစ်တောဝင်းအတွင်းမှ ပုံစံ (၈) သစ် (၁၃. ၅၅၇၂) တန်နှင့် လာကာဘိနယ်၊ လာကာရွာရှိပုံစံ (၈) သစ် (၂၆. ၀၉၇၆) တန် ရေမျောပျောက်ဆုံးမှုတွင် တာဝန်ရှိသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂ နည်းဥပဒေခွဲ (က) ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရ သဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၎င်းတို့ (၂) ဦးအား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

အမှတ် ၇၈ ။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ (သစ်တော)၂/(၂)/၀၂(စ)/(၄၆၃/၂၀၁၇)

အရ သစ်တောဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ် ဦးစီးအရာရှိ ဦးအောင်စိုး (၁) အား ၎င်း၏ဆန္ဒဖြင့် လျှောက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## မြေတိုင်းဦးစီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမှတ် ၁ ။ ။ မြေတိုင်းဦးစီးဌာန၊ လေ့ကျင့်သင်ကြားရေးနှင့်အမှတ် (၁) မြေတိုင်းဌာနခွဲ၊ အမှတ် (၁) မြေတိုင်းဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်သဖြင့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် ၎င်း၏လျှောက်ထားချက်အပေါ် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) ပါ ပြဋ္ဌာန်းချက် နှင့်အညီ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းအား အထက်တွင်ငြင်းပယ်ထားသည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်ပြီး ယင်းခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
သက်ဦး၊ ညွှန်ကြားရေးမှူး - စီမံ၊
မြေတိုင်းဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၀၉၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘော တူညီချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၉ (က) (၁၃၃၄/၂၀၁၇) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်မှ တောအုပ်ကြီး ဦးအောင်ကျော်နိုင် အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်)

အမှတ် ၇ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့အောင်မြင်ပြီးသော လက်ထောက်ဆရာဝန်များအား အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ချထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၂၇၅၉၁ | ဒေါက်တာကောင်းထက်<br>လက်ထောက်ဆရာဝန်<br>ထန်းတပင်အလုပ်သမားဆေးရုံကြီး<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ(လုပ်ငန်းခွင်/ပတ်ဝန်းကျင်)<br>အနောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီး<br>ဌာန၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ၂၈၆၁၆ | ဒေါက်တာကျော်ကျော်နိုင်<br>လက်ထောက်ဆရာဝန်<br>အင်္ဂပူမြို့နယ်ပြည်သူ့ဆေးရုံ<br>ဧရာဝတီတိုင်းဒေသကြီး | ဦးစီးအရာရှိ<br>တိုးချဲ့ကာကွယ်ဆေးထိုးဌာနစိတ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၃။ | ၂၄၉၆၉ | ဒေါက်တာကျော်မျိုးထက်<br>လက်ထောက်ဆရာဝန်<br>မြို့နယ်ပြည်သူ့ဆေးရုံ<br>ရေးမြို့၊ မွန်ပြည်နယ် | ဦးစီးအရာရှိ<br>ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး<br>ဌာနစိတ်၊ ရောဂါနှိမ်နင်းရေးဌာနခွဲ၊<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၄။ | ၂၉၀၅၁ | ဒေါက်တာခင်စန္ဒာဇော်<br>လက်ထောက်ဆရာဝန်<br>ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံ<br>ပျဉ်းမနားမြို့၊ ပြည်ထောင်စုနယ်မြေ<br>နေပြည်တော် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကျန်းမာပညာ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၅။ | ၂၂၃၅၀ | ဒေါက်တာခင်သူထက်<br>လက်ထောက်ဆရာဝန်<br>ရန်ကုန်အနောက်ပိုင်းခရိုင်ဆေးရုံ<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(မျက်မမြင်/မျက်ခမ်းစပ်)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ၂၇၄၇၈ | ဒေါက်တာခိုင်ခိုင်စော<br>ဒု-မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ရောဂါပိုးသယ်ဆောင်သည့်ပိုးမွှားကောင်များ<br>မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ<br>ကာကွယ်နှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၇။ | ၂၄၈၁၅ | ဒေါက်တာခိုင်ခိုင်ထွန်း<br>လက်ထောက်ဆရာဝန်<br>မြို့နယ်ပြည်သူ့ဆေးရုံ၊ ကျုံပျော်မြို့<br>ဧရာဝတီတိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ကျောင်းကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၈။ | ၂၅၄၈၂ | ဒေါက်တာခိုင်ခိုင်သင်း<br>လက်ထောက်ဆရာဝန်<br>အရှေ့ပိုင်းဆေးရုံကြီး<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(ခုခံကျ/ကာလသား/မျက်ခမ်းစပ်/မျက်မမြင်)<br>အရှေ့ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉။ | ၂၁၉၁၈ | ဒေါက်တာခိုင်ငြိမ်းချမ်း<br>လက်ထောက်ဆရာဝန်<br>ပြည်သူ့ဆေးရုံ၊ လှည်းကူးမြို့<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ကျန်းမာပညာဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၀။ | ၂၆၃၂၂ | ဒေါက်တာချိုဝေအောင်<br>လက်ထောက်ဆရာဝန်<br>ပြည်သူ့ဆေးရုံ၊ တိုက်ကြီးမြို့<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်<br>ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၁။ | ၂၄၄၀၉ | ဒေါက်တာစိုင်းနေမျိုး<br>အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(ခုခံကျ/ကာလသား)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(ခုခံကျ/ကာလသား)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) |
| ၁၂။ | ၂၇၇၇၈ | ဒေါက်တာစိုင်းမျိုးညွန့်<br>လက်ထောက်ဆရာဝန်<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၃။ | ၂၇၅၃၉ | ဒေါက်တာစမ်းယုဝေ<br>လက်ထောက်ဆရာဝန်<br>ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၄။ | ၃၄၀၅၈ | ဒေါက်တာဇေယျာမင်း<br>လက်ထောက်ဆရာဝန်<br>ခုတင် (၂၀၀) ဆံ့ဆေးရုံ<br>လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန် (မကူးစက်)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅။ | ၃၃၆၀၉ | ဒေါက်တာဉာဏ်လင်းမောင်<br>လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်<br>ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၆။ | ၁၉၈၂၀ | ဒေါက်တာနှင်းအိဖြူ<br>အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) |

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁၇။ | ၂၂၈၀၁ | ဒေါက်တာပွင့်ဖြူဖြူ<br>ဒု-မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ရပကန)<br>မြောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈။ | ၃၅၅၅၈ | ဒေါက်တာမေပြုံးမြင့်<br>လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၉။ | ၃၄၂၃၂ | ဒေါက်တာမေလွဲ့လွဲ့ဦး<br>လက်ထောက်ဆရာဝန်<br>အင်းစိန်ပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/အနာကြီး)<br>မြောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၀။ | ၂၁၀၉၈ | ဒေါက်တာမင်းမျိုးကြည်<br>လက်ထောက်ဆရာဝန်<br>မော်လမြိုင်၊ အကျဉ်းထောင်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/အနာကြီး)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တာချီလိတ်မြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) |
| ၂၁။ | ၂၇၆၈၃ | ဒေါက်တာယုနန္ဒာအောင်<br>လက်ထောက်ဆရာဝန်<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန် (မကူးစက်)<br>အရှေ့ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၂။ | ၃၃၃၂၀ | ဒေါက်တာယဉ်မင်းမင်းထွဋ်<br>လက်ထောက်ဆရာဝန်<br>မန္တလေးပြည်သူ့ဆေးရုံကြီး<br>မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ<br>စီမံကိန်းဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၂၃။ | ၂၀၀၂၉ | ဒေါက်တာရဲညွန့်<br>အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(ခုခံကျ/ကာလသား)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(ခုခံကျ/ကာလသား)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် |
| ၂၄။ | ၂၂၄၈၂ | ဒေါက်တာရန်လင်းအောင်<br>ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော် | ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၂၅။ | ၂၄၄၇၈ | ဒေါက်တာရှုရွှန်ပါ<br>အဖွဲ့ခေါင်းဆောင်ဆရာဝန်(မိခင်ကျန်းမာ)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဟားခါးမြို့၊ ချင်းပြည်နယ် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (မိခင်ကျန်းမာ)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဟားခါးမြို့၊ ချင်းပြည်နယ် |
| ၂၆။ | ၂၂၃၂၃ | ဒေါက်တာလင်းထွဋ်ဦး<br>လက်ထောက်ဆရာဝန်<br>မြောင်းမြခရိုင်ပြည်သူ့ဆေးရုံကြီး<br>ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၂၇။ | ၂၂၂၉၇ | ဒေါက်တာဝင်းလဲ့ဖြူ<br>ဦးစီးအရာရှိ (ဆေးဝါး)<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန | ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၂၈။ | ၃၃၅၀၄ | ဒေါက်တာသူရအောင်<br>လက်ထောက်ဆရာဝန်<br>ခုတင် (၅၀၀) ဆံ့အထူးကုဆေးရုံ<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်<br>ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၂၉။ | ၃၃၄၂၂ | ဒေါက်တာဟေမာစိုး<br>လက်ထောက်ဆရာဝန်<br>ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့<br>မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၃၀။ | ၃၀၅၆၈ | ဒေါက်တာအိမွန်အောင်<br>လက်ထောက်ဆရာဝန်<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန် (မကူးစက်)<br>အနောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာန၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၁။ | ၂၀၀၆၈ | ဒေါက်တာအိအိဇာညီ<br>လက်ထောက်ဆရာဝန်<br>ပြည်သူ့ဆေးရုံ၊ မှော်ဘီမြို့<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>မကူးစက်နိုင်သောရောဂါများနှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၃၂။ | ၃၂၈၉၂ | ဒေါက်တာအေးသဇင်ခိုင်<br>လက်ထောက်ဆရာဝန်<br>ရန်ကုန်ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံ<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>စီမံကိန်းဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၃၃။ | ၃၀၆၄၈ | ဒေါက်တာဥက္ကါဖြိုး<br>လက်ထောက်ဆရာဝန်<br>အထူးကုဆေးရုံ<br>သာကေတ၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင်ဆရာဝန်<br>(ခုခံကျ/ကာလသား/မျက်မမြင်/မျက်ခမ်းစပ်)<br>တောင်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၄။ | ၁၈၉၂၉ | ဒေါက်တာအောင်ညဏ်မင်း<br>ဦးစီးအရာရှိ<br>ကျန်းမာရေးသတင်းအချက်အလက်<br>မန္တလေးတိုင်းဒေသကြီး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ<br>အာဟာရဖွံ့ဖြိုးရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော် |

မှတ်ချက်။ ရာထူးနေရာချထားခြင်းခံရသည့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များသည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာန အကြီးအကဲထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာသန်းဝင်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက် ( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င)

**ရေရွှေဝါ ကုမ္ပဏီများအုပ်စုလီမိတက်**

**(AYER SHWE WAH GROUP OF COMPANIES LIMITED)**

(အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**AYER SHWE WAH GROUP OF COMPANIES LIMITED (ရေရွှေဝါကုမ္ပဏီများအုပ်စုလီမိတက်)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် အစုရှင်များမှ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၁၀. ၇. ၂၀၁၇ |
| အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| နေရာ | - | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၊ အခန်းအမှတ်-၄၁၁၊ ၄၁၂၊ ၄၁၅၊ (Strand Squar) (၄ လွှာ)၊ အမှတ်-၅၃၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၂၃၀၇၃၆၅ |

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပြီး ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

စိုးဝင်း

B.A, B.L (Advocate)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ

**ရွှေမြင်တင် ကုမ္ပဏီလီမိတက်**

**Shwe Myin Tin Company Limited**

ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေမြင်တင် ကုမ္ပဏီလီမိတက်** အား (၇. ၆. ၂၀၁၇) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု [B.Com ( Q ), C.P.A] အမှတ်- (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၇-၇-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လဲ့လဲ့ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ရွှေမြင်တင် ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ဝင် (ကိုယ်စား)

ခင်စောယု
[B.Com ( Q ), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

**CLOUD PRINCE CO.,LTD.**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **CLOUD PRINCE CO.,LTD.** အား ၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း [B.A, C.P.A, F.B.S.A] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Daw Khin Saw Thu
Managing Director
Cloud Prince Co.,Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) CLOUD PRINCE CO.,LTD.

**ROYAL ADVENTURE GROUP CO.,LTD.**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **ROYAL ADVENTURE GROUP CO.,LTD.** အား ၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Soe Myint Aung
Managing Director
Royal Adventure Group Co.,Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) ROYAL ADVENTURE GROUP CO.,LTD.

**MYAT SABAI KHAING CO.,LTD.**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **MYAT SABAI KHAING CO.,LTD.** အား ၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Daw Aye Li
Managing Director
Myat Sabai Khaing Co.,Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) MYAT SABAI KHAING CO.,LTD.

**AUTO SATE KAUNG CO.,LTD.**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **AUTO SATE KAUNG CO.,LTD.** အား ၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း [B.A, C.P.A, F.B.S.A] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Lin Hete Htet Aung
Managing Director
Auto Sate Kaung Co.,Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) AUTO SATE KAUNG CO.,LTD.

**LOGIC ASSOCIATES CO.,LTD.**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **LOGIC ASSOCIATES CO.,LTD.** အား ၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း [B.A, C.P.A, F.B.S.A] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

MR. ANAND KUMAR DHAKA
MANAGING DIRECTOR
LOGIC ASSOCIATES CO.,LTD.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) LOGIC ASSOCIATES CO.,LTD.

# Shinhan Bank Co.,Ltd.
## (Myanmar Representative Office)
## Voluntary Liquidation

With the authority vested by the Articles of Association and the Resolution of the Board of Directors, effective as of December 31, 2016, the President and CEO of **Shinhan Bank Co., Ltd.** hereby appoints Daw Than Than, B.A (Law) (LL.B) (Advocate), No. 408, Ba Nyar Da La Road, Byaing Yae Oe Sin Kwat Thit, Tamwe Township, Yangon, Myanmar as a liquidator for Shinhan Bank Co., Ltd. (Myanmar Representative Office).

All creditors of Shinhan Bank Co., Ltd. (Myanmar Representative Office) are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, not later than 5th July, 2017.

Mr.Suk Woo Hong
Representative Manager
Shinhan Bank Company Limited

Daw Than Than
[B.A (Law), LL.B] (Advocate)
Liquidator
No.408, Ba Nyar Da La Road,
Byaing Yae Oe Sin Kwat Thit,
Tamwe Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ

**ဘစိုးဥ ကုမ္ပဏီလီမိတက်** ကို

ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာချက်

၁။ **ဘစိုးဥ ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၆-၆-၂၀၁၇) ရက်နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူး ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်ဝင်း B.A, H.G.P, R.L, D.B.L, D.I.L, D.M.L, P.G.D.I.T (New Delhi); D,Jap; M.P.A., M.A (B.L) အား ခန့်အပ်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးခင်ဝင်းထံဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

ဦးလှဝင်းအောင်
Managing Director
Ba Soe Au Co.,Ltd.

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi); D,Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ

**ဂမုန်းပွင့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား (၉-၇-၂၀၁၇) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ဘားဂယာလမ်း၊ အမှတ် ၂၄၅ တွင် ကျင်းပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင်) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi); D,Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

(ရုံး) အမှတ် ၁၇၅ (ပထမထပ်) ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၄၊ ပိတောက်လမ်း (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉၅၀၀၈၅၈၃

**Ka Lu Htoo (Golden Voice) Co., Ltd.**

**Notification**

**For Final Meeting of all Shareholders**

Under Section 308 (E) of the Myanmar Companies Act, It is hereby notified to all shareholders to be present at the Final Meeting of the above mentioned Company situated at No.56, Taung Thu Gone Road, Insein Township, Yangon, Myanmar to be held at 10:00 am, 9-7-2017. The Liquidator (U Khin Win) will submit the final liquidation accounts , liquidation latest conditions, and if agreed, will submit the final liquidation statement to the Company Registration Office (DICA).

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi); D,Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

(Liquidator's office) No.175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar (Phone 095008583; 09977185377)

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၉-၆-၂၀၁၇။